


ဝင်းဝင်းမြင့်(နန်းတော်ရှေ့)


# ရောင်စုံစာပန်းခင်း




ကဗျာတွေ၊ စာတွေဟာ နှလုံးသားရဲ့ အာဟာရတွေပါလားလို့ မတွေးတတ်ခင်ကတည်းက အချစ်ကြီးချစ်ခဲ့ မြတ်နိုးခဲ့ရတာပါ။ အဲဒီ စာတွေ ကဗျာတွေကပဲ ကျွန်မကို ဝင်းဝင်းမြင့် (နန်းတော်ရှေ့) ဖြစ်အောင် ဖန်ဆင်းပေးခဲ့ကြပြန်ပါသေးတယ် . . . .။

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)အဖြစ်နဲ့ စာတွေကဗျာတွေကို ကိုယ်တိုင်ရေးဖွဲ့ ဖန်တီးဖြစ်ပြန်တော့ ကျွန်မလျှောက်ခဲ့တဲ့ စာပေလမ်းကလေးအကြောင်းကို တွေးကြည့်မိတိုင်း ကြည်နူးပီတိငွေ့တွေ ဝေလို့ပေါ့...။ ကျွန်မပျော်ခဲ့တဲ့ ရောင်စုံစာပန်းခင်းကလေးထဲမှာ ကျွန်မရဲ့ စာဖတ်ပရိသတ်ကိုလည်း ပျော်စေချင်ပါတယ်။ နောက်ပြီး ကျွန်မရှေ့က ရေးသားဖန်တီးသွားကြတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကိုလည်း ဒီရောင်စုံစာပန်းခင်းကလေးနဲ့ စိတ်ကြမ်းမာန်လျှော့ ပူဇော်ကန်တော့ချင်ပါတယ်။ ဒါကြောင့်..... "ရောင်စုံစာပန်းခင်း"ကို စီစဉ်ဖြစ်တာပါ။

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)


ဝင်းဝင်းမြင့် (နန်းတော်ရှေ့)




**အစာ**

ကြွက်ကလေး

မည်းမည်းသေးသေး

သူ့ဝမ်းရေးတွက်

လက်ကျန်ထမင်း

ဟင်းကြွင်းဟင်းကျန်။

ခိုးစားရန် . . . . . . . .။

ကြောင်တစ်ကောင်
အမှောင်ထဲမှာ
အစာရှာရင်း
ထမင်းဟင်းကျန်
ခိုးစားရန် . . . . . .။

အကြံတူခြင်း
အမှောင်တွင်းမှာ
အလင်းမျက်စိ
ကြောင်ကရှိ၍
ပိစိကွေးကြွက်
ကြောင်၏ လက်အောက်
ရောက်ရရှာသည် . . . . . . . . .။

သြော် . . . . . . . .
အစာရှာသူ
တူကြသော်လည်း
ကံကဲသူက . . . . . . . အစာဝ

ကံမွဲသူက . . . . . . အစာဘာဝ ။ ။

*




## ကကြိုးဆင်

ဆင်ကတာ

မြင်ရလား .......။

ဖင်ထောင်ကျွမ်းစိုက် ......

ဦးငိုက်ခြေမြှောက်ပြီး ........

အကောင်ကြီးကြီးရဲ့ ခန္ဓာ
ညာတစ်လှည့် ဘယ်တစ်လှည့်
နွဲ့ နွဲ့ ငြိမ့်ငြိမ့်
တသိမ့်သိမ့်ကလေး လှုပ်လို့ . . . . . . ။

လေမရှူ။ အစာမစားဘဲ
ပွဲလယ်တင့်သူရဲ့ အသက်ဟာ
ခြေနှစ်ဖက် လက်နှစ်ဖက်မှာ
တည်နေတယ် . . . . . . ။

ကားလိပ်ချ ပွဲပြီး . . . . . . .
လက်ခုပ်တီးကြတော့ . . . . . . .
"တော်လိုက်တဲ့ ဆင်ကြီး" တဲ့ . . . . . . ။

*




**ကွမ်းရသ**

အဲဒီလို

ရဲရဲနီပြီးကာမှ

ကွမ်းရွက်ကလည်း . . . . . သူမဟုတ်

သူက “အစိမ်း” . . . . . . တဲ့ . . . . . . ။

ထုံးကလည်း

သူမဟုတ်

သူက . . . . . “အဖြူ” . . . . . . တဲ့ . . . . . ။

ကွမ်းသီးကလည်း

သူမဟုတ်

သူက . . . . . . “ဖြူညိုညို” . . . . . တဲ့ . . . . . . . ။

ရှားစေးကလည်း

သူမဟုတ်

သူက . . . . “အညိုရင့်ရင့်” . . . . . . တဲ့ . . . . . ။

အဲဒီအချိန်မှာ

ဖိဖိပြီး ဝါးတတ်တဲ့

နီကြောင်ကြောင် သွားအစုံဟာ

ဘာဆိုဘာမှ မပြောဘဲ

“တဟဲဟဲ” ရယ်ချင်စိတ်ကို

သိုသိုသိပ်သိပ် သိမ်းဆည်းပြီး

ခပ်တည်တည်ကြီး နေပါလေရောတဲ့ . . . . . . ။ ။

*